**ဒေါင်းစပါး၊ ဒေါင်းမြက်**

Scientific name - *Oryza rufipogon* Griff

Common name - Wild rice

Family - Poaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံပင်မျိုးဖြစ်၍ အပင်ရင်းမှ ပင်ပွားများစွာထွက်သည်။ ပင်စည်သည် ၁၅၀ - ၄၀၀ စင်တီ မီတာအမြင့်ရှိ၍ ထောင်မတ်လျက် ဒူးဆစ်ကွေးသဏ္ဍာန်ပေါက်သည်။ အောက်ခြေမှ ကိုင်းဖြာထွက်သည်။ အရွက်သည်ကျယ်ပြီး ရှည်မျောမျောလုံသွားပုံရှိသည်။ ပန်းခိုင်သည် ထိပ်ထွက်ကိုင်းဖြာအမျိုးအစားဖြစ်ပြီး တဖြည်းဖြည်းအောက်သို့ငိုက်ကျလာသည်။ ထပ်ဆင့်ပန်းခိုင်များသည် ပွင့်ညှာရှိပြီး အမွေးများပါရှိသည်။ အမြီးပါရှိ၍ အလွယ်တကူကြွေကျနိုင်သည်။ ထပ်ဆင့်ပန်းခိုင်များသည် ခရမ်းရင့်ရောင် သို့မဟုတ် အညိုရောင်ရှိသည်။ ခွံစပ်တစ်စေ့သီးဖြစ်ပြီး နီညိုရောင်ရှိသည်။ အစေ့နှင့် မြေအောက်ပင်စည်အားဖြင့်မျိုးပွားသည်။